# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# ရုပ်ရှင်ဥပဒေ
## [နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၆]
## ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
## (၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

[ ပြင်ဆင် : 20.12.2024 ]

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရုပ်ရှင်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရုပ်ရှင်** ဆိုသည်မှာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့် အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းနှင့် ထိုကဲ့သို့ထွက်ပေါ်စေရန် နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လုပ်ခြင်းနှင့် ပြသခြင်းတို့ကို ဆိုသည်၊

(ခ) **ရုပ်ရှင်ကား** ဆိုသည်မှာ ရုံတင်ပြသရန်သော်လည်းကောင်း၊ ရုံတင်ပြသပြီးနောက် နည်းပညာတစ်ရပ်ရပ်ဖြင့် ဖြန့်ချိရန်သော်လည်းကောင်း၊ ရုံတင်ပြသခြင်း မပြုဘဲ အိမ်သုံးအဖြစ်သော်လည်းကောင်း၊ ရုပ်မြင်သံကြား နှင့် အင်တာနက် (Internet) မှ ထုတ်လွှင့်ပြသရန်သော်လည်းကောင်း၊ ပြိုင်ပွဲဝင်ရန်အတွက်သော်လည်း ကောင်း ရိုက်ကူးထုတ်လုပ်ထားသော ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ ဇာတ်သဘင်၊ အငြိမ့်၊ ပြဇာတ်၊ တေးဂီတရုပ်ရှင်ကား၊ ဇာတ်လမ်းတို သို့မဟုတ် ဇာတ်လမ်းတွဲကို ဆိုသည်၊

(ဂ) **ရုပ်ရှင်ဆင်ဆာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ရုပ်ရှင်ဆင်ဆာအဖွဲ့ကထုတ်ပေးသည့် အများပြည်သူအား ရုပ်ရှင်ကားပြသခွင့်ပြုသည့်လက်မှတ်ကို ဆိုသည်၊

(ဃ) **ရုပ်ရှင်လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် ရုပ်ရှင်လုပ်ငန်းအမျိုးအစားတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကို ဆိုသည်၊

(င) **ရုပ်ရှင်ရုံ** ဆိုရာတွင် ရုပ်ရှင်ပြသသည့် အဆောက်အအုံ၊ အိမ်နှင့်အခြားနေရာတို့လည်း ပါဝင်သည်၊

(စ) **ရုပ်ရှင်ရုံလိုင်စင်** ဆိုသည်မှာ ရုပ်ရှင်ရုံအတွက် ထုတ်ပေးသည့် လိုင်စင်ကိုဆိုသည်၊

(ဆ) **အကဲဖြတ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ကို ဆိုသည်၊

The Myanmar Law Information System (MLIS)

(ဇ) ဦးစီးဌာန ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကို ဆိုသည်၊

(ဈ) **ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်** ဆိုသည်မှာ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးထုတ်လုပ်ရာတွင် အနုပညာပိုင်းဆိုင်ရာသော်လည်းကောင်း၊ အတတ်ပညာပိုင်း ဆိုင်ရာသော်လည်းကောင်း ပါဝင်ရသည့် ဒါရိုက်တာများ၊ သရုပ်ဆောင်များ၊ ဇာတ်ညွှန်းရေးသူများ၊ တေးဂီတဖန်တီးသူများ၊ တည်းဖြတ်သူများ၊ ရိုက်ကွင်းစီစဉ်သူများ၊ ထုတ်လုပ်ရေးမန်နေဂျာများနှင့် ရုပ်ရှင်ကားတစ်ကား ထုတ်လုပ်ရာတွင် လိုအပ်ချက်အရ နည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီးပါဝင်သူများကို ဆိုသည်။

<ပြင်ဆင် 20.12.2024>

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာ့ရုပ်ရှင် အဆင့်အတန်း ခေတ်မီတိုးတက်မြင့်မားလာစေရန်၊

(ခ) နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးကို လည်းကောင်း အကျိုးပြုစေမည့် မြန်မာရုပ်ရှင်ကားများပေါ်ထွန်းလာစေရန်၊

(ဂ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးကို အထောက်အကူဖြစ်စေမည့် မြန်မာရုပ်ရှင်ကားများ ပေါ်ထွန်းလာစေရန်၊

(ဃ) ထူးချွန်သည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များပေါ်ပေါက်လာစေရေးကို အားပေးရန်၊

(င) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် သရုပ်ပျက်ရုပ်ရှင်ကားများကို တားမြစ်ပိတ်ပင်ရန်။

<ပြင်ဆင် 20.12.2024>

## အခန်း(၃)

## ရုပ်ရှင်လုပ်ငန်းလိုင်စင်

၄။ ရုပ်ရှင်လုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ပါလုပ်ငန်းအမျိုးအစား တစ်ခုချင်းအတွက် ရုပ်ရှင်လုပ်ငန်း လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ ဦးစီးဌာနသို့လျှောက်ထားရမည်-

(က) ရုပ်ရှင်ကား ထုတ်လုပ်ခြင်း၊

(ခ) ရုပ်ရှင်ကား ရိုက်ကူးခြင်း၊

(ဂ) ရုပ်ရှင်ကား ကူးဆေးခြင်း၊

(ဃ) ရုပ်ရှင်ကား အသံသွင်းခြင်း၊

(င) ရုပ်ရှင်ကား တည်းဖြတ်ခြင်း၊

(စ) ရုပ်ရှင်ကား ဖြန့်ချိခြင်း၊

(ဆ) ရုပ်ရှင်ကား ပြည်ပမှတင်သွင်းခြင်း၊

The Myanmar Law Information System (MLIS)

(ဇ) ရုပ်ရှင်ကား ပြည်ပသို့တင်ပို့ခြင်း။

(ဈ) ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊

(ည) ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများငှားရမ်းခြင်း၊

(ဋ) ရုပ်ရှင်ထုတ်လုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဌ) ရုပ်ရှင်စတူဒီယို (Studio) တည်ထောင်လုပ်ကိုင်ခြင်း၊

(ဍ) ရုပ်ရှင်ကား အရုပ်၊ အသံကူးပြောင်းမှုနှင့် အထူးပြုလုပ်ချက်များ ဆောင်ရွက်ခြင်း၊

(ဎ) အွန်လိုင်း (Online) ရုပ်ရှင်ရုံ တည်ထောင်ခြင်း၊ အက်ပလီကေးရှင်းများ(Applications) အသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်း၊ အွန်လိုင်းပလက်ဖောင်းများ (Online Platforms) အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း။

<ပြင်ဆင် 20.12.2024>

၅။ဦးစီးဌာနသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ရုပ်ရှင်လုပ်ငန်း လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

<ပြင်ဆင် 20.12.2024>

၆။ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်လုပ်ငန်း လိုင်စင်သက်တမ်း၊ ရုပ်ရှင်လုပ်ငန်းလိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ပေးရမည်။

၇။ (က) ရုပ်ရှင်လုပ်ငန်း လိုင်စင်သက်တမ်း ကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ)ဦးစီးဌာနသည် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ သက်တမ်းကို တိုးမြှင့် ပေးနိုင်သည်။

<ပြင်ဆင် 20.12.2024>

၈။ ဦးစီးဌာနသည် ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်ရမည်။

<ပြင်ဆင် 20.12.2024>

၉။ ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ ရုပ်ရှင်လုပ်ငန်း လိုင်စင်ရရှိသူက ပြန်လည်အပ်နှံလျှင်ဖြစ်စေ ရုပ်ရှင်လုပ်ငန်း လိုင်စင်ပျက်ပြယ်သည်။

## အခန်း(၄)

## ရုပ်ရှင်ဆင်ဆာအဖွဲ့

၁၀။ ပြန်ကြားရေး ဝန်ကြီးဌာနသည်-

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ရုပ်ရှင်ဆင်ဆာအဖွဲ့ကိုဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဥက္ကဋ္ဌ |

The Myanmar Law Information System (MLIS)

| | | |
|---|---|---|
| (၂) | သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ။ | အဖွဲ့ဝင်များ |
| (၃) | သင့်လျော်သည့် နိုင်ငံသားများ။ | အဖွဲ့ဝင်များ |
| (၄) | ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ရုပ်ရှင်ဆင်ဆာအဖွဲ့၏ သက်တမ်းကို သတ်မှတ်နိုင်သည်၊

(ဂ) ရုပ်ရှင်ဆင်ဆာအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

<ပြင်ဆင် 20.12.2024>

၁၁။ အစိုးရဝန်ထမ်းမဟုတ်သော ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်သည် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၂။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ချမှတ်ထားသော မူဝါဒနှင့်အညီ-

(က) ရုပ်ရှင်ကား စတင်ရိုက်ကူးခြင်းမပြုမီ တင်ပြလာသော ဇာတ်လမ်းကို စိစစ်ရမည်၊

(ခ) ဇာတ်လမ်းကို ရုပ်ရှင်ရိုက်ကူးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ဂ) ဇာတ်လမ်းကို လိုအပ်သလို ပြင်ဆင်ရေးသား တင်ပြစေပြီး ရုပ်ရှင်ရိုက်ကူးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၃။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ရိုက်ကူးပြီး တင်ပြလာသော မြန်မာ့ရုပ်ရှင်ကားများကိုလည်းကောင်း၊ ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားများကိုလည်းကောင်း ရုပ်ရှင်ဆင်ဆာလက်မှတ် လျှောက်ထားလာသည့်အခါ ယင်းရုပ်ရှင်ကားကို ချမှတ်ထားသော မူဝါဒနှင့် ညီညွတ်ခြင်း ရှိမရှိ ကြည့်ရှုစစ်ဆေးပြီးနောက်-

(က) အများပြည်သူအားဖြစ်စေ၊ သီးသန့်ပရိသတ်အားဖြစ်စေ ပြသခွင့်ပြုနိုင်သည်၊

(ခ) မြန်မာ့ရုပ်ရှင်ကားတွင် အများပြည်သူအား ပြသရန် မသင့်သောအစိတ်အပိုင်းကို ဖြတ်တောက်ခြင်း၊ ပြုပြင်ခြင်း ပြုလုပ်စေ၍ ပြသခွင့်ပြုနိုင်သည်။ ဖြတ်တောက်သည့်အစိတ်အပိုင်းကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်၊

(ဂ) ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားတွင် အများပြည်သူအား ပြသရန်မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်၍ ပြသခွင့်ပြုနိုင်သည်။ ဖြတ်တောက်သည့်အစိတ်အပိုင်းကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီး ခြင်းပြုနိုင်သည်၊

(ဃ) မြန်မာရုပ်ရှင်ကားကို အများပြည်သူအား ပြသခွင့်မပြုဟု ပိတ်ပင်နိုင်သည်။ ယင်းရုပ်ရှင်ကားကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်၊

(င) ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားကို အများပြည်သူအားပြသခွင့်မပြုဟု ပိတ်ပင်နိုင်သည်။ ယင်းရုပ်ရှင်ကားကို ပြန်လည်ပေးပို့စေခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုနိုင်သည်၊

(စ) ရုပ်ရှင်ကားကို အများပြည်သူအား ပြသခွင့်ပြုလျှင် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ရုပ်ရှင် ဆင်ဆာလက်မှတ် ထုတ်ပေးရမည်။

The Myanmar Law Information System (MLIS)

၁၄။ (က) ရုပ်ရှင်ဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ရုပ်ရှင်ဆင်ဆာလက်မှတ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတ်မှတ်သည့် ကာလအပိုင်းအခြားအတွက် အတည်ဖြစ်စေရမည်၊

(ခ) ရုပ်ရှင်ဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ရုပ်ရှင်ဆင်ဆာလက်မှတ်ကို ရုပ်ရှင်ကားနှင့်အတူ ပြသရမည်။

၁၅။ (က) ရုပ်ရှင်ဆင်ဆာလက်မှတ် သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည်၊

(ခ) ရုပ်ရှင်ဆင်ဆာအဖွဲ့သည် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ရုပ်ရှင်ဆင်ဆာလက်မှတ် သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

၁၆။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် မည်သည့်ရုပ်ရှင်ကားကိုမဆို ကြည့်ရှုစစ်ဆေးရန် ဆင့်ဆိုနိုင်သည်။

၁၇။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည်-

(က) ခိုင်လုံသော အကြောင်းရှိလျှင် မည်သည့်ရုပ်ရှင်ဆင်ဆာ လက်မှတ်ကိုမဆို ရုပ်သိမ်းနိုင်သည်၊

(ခ) ရုပ်ရှင်ဆင်ဆာလက်မှတ် ရုပ်သိမ်းခြင်းခံရသော-

(၁) မြန်မာရုပ်ရှင်ကားကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်၊

(၂) ပြည်ပမှ တင်သွင်းလာသည့် ရုပ်ရှင်ကားကို ပြန်လည်ပေးပို့စေခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုနိုင်သည်။

၁၈။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ (င) သို့မဟုတ် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ)အရ မိမိချမှတ်သော ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မကျေနပ်သူက ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံဝင်လျှင် အယူခံတွင် ချမှတ်သော အမိန့်အတိုင်း ဆောင်ရွက်စေရမည်။ အယူခံမဝင်ပါက အယူခံကာလ ကုန်ဆုံးသောအခါ မိမိ၏ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်စေရမည်။

## အခန်း(၅)

## မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့

၁၉။ ပြန်ကြားရေးဝန်ကြီးဌာနသည်-

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကို ဖွဲ့စည်းရ မည်-

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၄) | သင့်လျော်သောနိုင်ငံသားများ | အဖွဲ့ဝင်များ |

The Myanmar Law Information System (MLIS)

| | | |
|---|---|---|
| (၅) | ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) အကဲဖြတ်အဖွဲ့၏ သက်တမ်းကို သတ်မှတ်နိုင်သည်၊

(ဂ) အကဲဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

<ပြင်ဆင် 20.12.2024>

၂၀။ အစိုးရဝန်ထမ်းမဟုတ်သော အကဲဖြတ်အဖွဲ့ဝင်သည် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် အကဲဖြတ်အဖွဲ့က စိစစ်အကဲဖြတ်ရမည့် ရုပ်ရှင်ထူးချွန်ဆု အမျိုးအစားများကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။ လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၂။ အကဲဖြတ်အဖွဲ့သည်-

(က) မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နိုင်ရန် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ရုံတင်ပြသခဲ့သော မြန်မာရုပ်ရှင်ကား အားလုံးကိုချမှတ်ထားသော မူဝါဒနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်အကဲဖြတ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စိစစ်အကဲဖြတ်ပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရုပ်ရှင်ထူးချွန်ဆု အမျိုးအစား များအရချီးမြှင့်ထိုက်သောပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြန်ကြားရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြရမည်။

၂၃။ အကဲဖြတ်အဖွဲ့သည် စိစစ်အကဲဖြတ်ပြီးသော မြန်မာရုပ်ရှင်ကားကို လိုအပ်သလိုမိတ္တူကူးယူနိုင်သည်။

## အခန်း(၆)

## ရုပ်ရှင်ရုံလိုင်စင်

၂၄။ ရုပ်ရှင်ရုံလိုင်စင်ရယူလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

<ပြင်ဆင် 20.12.2024>

၂၅။ ဦးစီးဌာနသည်-

(က) ရုပ်ရှင်ရုံလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ရမည်၊

(ခ) ရုပ်ရှင်ရုံလိုင်စင် ထုတ်မပေးမီ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်၊

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ရုပ်ရှင်ရုံလိုင်စင် ထုတ်ပေးရမည်။

<ပြင်ဆင် 20.12.2024>

၂၆။ဦးစီးဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရုပ်ရှင်ရုံလိုင်စင် သက်တမ်း၊ ရုပ်ရှင်ရုံလိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်း တိုးမြှင့်ခတို့ကို သတ်မှတ်ပေးရမည်။

<ပြင်ဆင် 20.12.2024>

The Myanmar Law Information System (MLIS)

၂၇။ (က) ရုပ်ရှင်ရုံလိုင်စင် သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ) ဦးစီးဌာနသည် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ရုပ်ရှင်ရုံလိုင်စင် သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

<ပြင်ဆင် 20.12.2024>

၂၈။ ဦးစီးဌာနသည် ရုပ်ရှင်ရုံလိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်ရမည်။

<ပြင်ဆင် 20.12.2024>

၂၉။ ရုပ်ရှင်ရုံလိုင်စင်သက်တမ်း ကုန်ဆုံးလျှင်ဖြစ်စေ၊ ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ ရုပ်ရှင်ရုံလိုင်စင်ရရှိသူက ပြန်လည် အပ်နှံလျှင် ဖြစ်စေ ရုပ်ရှင်ရုံလိုင်စင် ပျက်ပြယ်သည်။

## အခန်း(၇)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၀။ ဦးစီးဌာနသည် ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်လုပ်ငန်း လိုင်စင်ရရှိသူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းထိ ချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင် လုပ်ငန်းလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

<ပြင်ဆင် 20.12.2024>

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၂၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်ရုံလိုင်စင်ရရှိသူ အား ဒဏ်ကြေးငွေအနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံးကျပ်နှစ်သိန်းထိ ချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်ရုံလိုင်စင် ကိုလည်း ရုပ်သိမ်းနိုင်သည်။

<ပြင်ဆင် 20.12.2024>

၃၂။ ဦးစီးဌာနသည် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ထိခိုက်စေရန် လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း သို့မဟုတ် ဟောပြောခြင်းကို သော်လည်းကောင်း၊ နိုင်ငံတော်အကြည်ညိုပျက်စေရန် ပြုမူပြောဆိုခြင်း၊ ကြေညာခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း ကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ဆန့်ကျင်သော မည်သည့်လှုပ်ရှားမှုမျိုးမဆို ပါဝင် ပတ်သက်ခြင်းကို သော်လည်းကောင်းပြုသည့် မည်သည့်ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်ကိုမဆို အောက်ပါ စီမံခန့်ခွဲရေး အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) မည်သည့်ရုပ်ရှင်ကား ထုတ်လုပ်ရာတွင်မဆို ပါဝင်လုပ်ကိုင်ခြင်းကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ကန့်သတ်တားမြစ်ခြင်း။

<ပြင်ဆင် 20.12.2024>

The Myanmar Law Information System (MLIS)

၃၃။ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

<ပြင်ဆင် 20.12.2024>

၃၄။ ပြန်ကြားရေးဝန်ကြီးဌာနသည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်းပြုနိုင်သည်။

<ပြင်ဆင် 20.12.2024>

၃၅။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

<ပြင်ဆင် 20.12.2024>

၃၆။ ဦးစီးဌာနက ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အယူခံမဝင်ပါက အယူခံကာလကုန်ဆုံးသောအခါ ဦးစီးဌာန၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်စေရမည်။

<ပြင်ဆင် 20.12.2024>

## အခန်း(၈)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ) ပါပြဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ချမှတ်ရမည်။

<ပြင်ဆင် 20.12.2024>

၃၈။ မည်သူမဆို-

(က) အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်-

(၁) ရုပ်ရှင်လုပ်ငန်းလိုင်စင်မရှိဘဲ ပုဒ်မ ၄ ပါ လုပ်ငန်းအမျိုးအစား တစ်မျိုးမျိုး ကို လုပ်ကိုင်ခြင်း၊

(၂) ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိသော ရုပ်ရှင်ကားကို ပြသခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုများကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းနှစ်ဆယ်မှ အများဆုံး ကျပ်သိန်းသုံးဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်း များကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း ရမည်။

<ပြင်ဆင် 20.12.2024>

The Myanmar Law Information System (MLIS)

၄၉။ မည်သူမဆို ပြည်တွင်း၌ ရိုက်ကူးထားသည့် ရုပ်ရှင်ကားကို ရုပ်ရှင်ဆင်ဆာလက်မှတ် မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပ၌ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

<ပြင်ဆင် 20.12.2024>

၅၀။ မည်သူမဆို ရုပ်ရှင်ဆင်ဆာအဖွဲ့၏ ဖြတ်တောက်ရန် သို့မဟုတ် ပြုပြင်ရန် ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုဘဲ ရုပ်ရှင်ကားကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြသခြင်း ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<ပြင်ဆင် 20.12.2024>

၅၁။ မည်သူမဆို-

(က) ရုပ်ရှင်ရုံလိုင်စင်မရှိဘဲ ရုပ်ရှင်ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုကိုထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း နှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 20.12.2024>

၅၂။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 20.12.2024>

## အခန်း(၉)

## အထွေထွေ

၅၃။ (က) နိုင်ငံခြားသံတမန် အဖွဲ့အစည်းကဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့အစည်းကဖြစ်စေ ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားကို အများပြည်သူအား ပြသလိုပါက ရုပ်ရှင်ဆင်ဆာ အဖွဲ့သို့စိစစ်ကြည့်ရှုရန် တင်ပြရမည်၊

(ခ) ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ရုပ်ရှင်ကားကို စိစစ်ကြည့်ရှုပြီးနောက်-

(၁) အများပြည်သူအား ပြသသင့်ပါက ခွင့်ပြုနိုင်သည်၊

The Myanmar Law Information System (MLIS)

(၂) အများပြည်သူအား ပြသရန်မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်၍ ခွင့်ပြုနိုင်သည်။ ဖြတ်တောက်ထားသည့် အစိတ်အပိုင်းကို ပြည်ပသို့ ထိုရုပ်ရှင်ကားပြန်လည်မပို့မီ ထိန်းသိမ်းထားနိုင်သည်၊

(၃) သက်ဆိုင်ရာနိုင်ငံခြား သံတမန်အဖွဲ့အစည်း၏ ဥပစာအတွင်း၌ဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့အစည်း၏ဥပစာ အတွင်း၌ ဖြစ်စေ သီးသန့်ပရိသတ်ကိုသာ ပြသရန်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 20.12.2024>

၄၄။ ဦးစီးဌာနသည် ဤဥပဒေအရ ရုပ်ရှင်လုပ်ငန်းလိုင်စင်၊ ရုပ်ရှင်ရုံလိုင်စင်၊ ရုပ်ရှင်ဆင်ဆာတို့ အတွက် အခွန်အခများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။

<ပြင်ဆင် 20.12.2024>

၄၅။ ပြန်ကြားရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အစိုးရဌာန၊ အဖွဲ့အစည်းများအား ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 20.12.2024>

၄၆။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၆-က။ ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲ ဥပဒေ တစ်ရပ်ရပ် အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

<ပြင်ဆင် 20.12.2024>

၄၇။ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် အကဲဖြတ်အဖွဲ့တို့၏

(က) ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ပေးရမည်၊

(ခ) အသုံးစရိတ်များကိုဦးစီးဌာနက ကျခံရမည်။

<ပြင်ဆင် 20.12.2024>

၄၈။ ၁၉၉၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံရုပ်ရှင် ဥပဒေအရ-

(က) ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်၊

(ခ) လက်ရှိဖွဲ့စည်းထားသည့် ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့၊ အယူခံအာဏာပိုင်အဖွဲ့နှင့် လိုင်စင်ထုတ်ပေးသည့် အာဏာပိုင် တို့သည် ဤဥပဒေအရ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် အကဲဖြတ်အဖွဲ့များ ဖွဲ့စည်းခြင်းမပြုမီ ယင်းတို့၏ တာဝန်ဝတ္တရားများ ကိုဆက်လက် ဆောင်ရွက်ခွင့်ရှိသည်၊

(ဂ) ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော လိုင်စင်၊ ရုပ်ရှင်ကားများအတွက် သက်သေခံလက်မှတ်နှင့် ရုပ်ရှင်လုပ်ငန်း မှတ်ပုံတင်တို့သည် သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည် ဟုမှတ်ယူ ရမည်။

<ပြင်ဆင် 20.12.2024>

၄၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

The Myanmar Law Information System (MLIS)

(က) ပြန်ကြားရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ပြန်ကြားရေးဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် အကဲဖြတ်အဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 20.12.2024>

၅၀။ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

<ပြင်ဆင် 20.12.2024>

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

The Myanmar Law Information System (MLIS)